한국산업인력공단
Human Resources Development Service of Korea

# 사업주와 근로자의 상생공식,
# 외국인고용허가제

외국인근로자 더하기 +
대한민국 인력난 빼기 −
서로 힘든 일 나누기 ÷
행복은 두 배로 곱하기 ×



# 사업주와 근로자의 상생공식, 외국인고용허가제

## 대한민국에 오신 것을 환영합니다!



### 외국인근로자 여러분!

대한민국에 오신 것을 진심으로 환영합니다.

여러분들이 고용허가제를 통해 한국에 근무하는 동안 대한민국의 여러 산업현장에 큰 힘이 되리라 기대합니다. 한국산업인력공단은 여러분들이 대한민국의 법에 의거 정당한 대우와 존중을 받을 수 있도록 최선을 다할 것입니다.

이 책자는 여러분들에게 한국생활에 필요한 여러 가지 다양한 정보를 제공합니다. 항상 가지고 다니면서 참고하시기 바랍니다. 여러분들의 적극적인 협조와 관심을 부탁드립니다.

감사합니다.


Welcome to Korea

한국산업인력공단



# လုပ်ငန်းရှင်နှင့် လုပ်သား နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် နိုင်ငံခြားသား အလုပ်လုပ်ကိုင်ခွင့်စနစ်

## ကိုရီးယားနိုင်ငံမှ ကြိုဆိုပါ၏။



### ချစ်ခင်လေးစားရပါသော ပြောင်းရွှေ့လုပ်သားများ

ကိုးရီးယား နိုင်ငံသို့ လာရောက် နေထိုင်ခြင်းအတွက် ကျွန်ုပ်တို့ အလွန်ပင် ဝမ်းမြောက်ပါ ကြောင်း ဦးစွာ ပြောကြားလိုပါသည်။ မိတ်ဆွေများအနေဖြင့် အလုပ်သမားခေါ်ယူခြင်းစနစ်ဖြင့် ကိုရီးယားတွင် အလုပ်လုပ်ကိုင်နေစဉ်အတွင်း ကိုရီးယားနိုင်ငံ၏ စက်မှုလုပ်ငန်းမျိုးစုံအတွက် အကူအညီကောင်းဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။
ကိုးရီးယား နိုင်ငံ လူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မှ သင့် အနေဖြင့် ကိုးရီးယား နိုင်ငံ၏ ဥပဒေ ဘောင်အတွင်း အသိအမှတ် ပြုခြင်း ခံရစေရန် နှင့် ကောင်းမွန်စွာ ဆက်ဆံခြင်း ခံရရန် အတွက် အကောင်းဆုံး လုပ်ကိုင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါ သည်။
သင့်အနေဖြင့် ကိုးရီးယား နိုင်ငံတွင် နေထိုင်နေစဉ် ဘဝ တစ်လျှောက် လိုအပ်သော အချက်အလက်များကို ဤ လမ်းညွှန်စာအုပ် မှ တဆင့် သိရှိ နိုင်ပါသည်။ ကျေးဇူးပြု၍ သိမ်းဆည်းထားပြီး လိုအပ်သည့် အခါ ရည်ညွှန်း အသုံးပြုပါ။ သင်၏ တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ခြင်း နှင့် ဂရုပြု ဆောင်ရွက်ခြင်း ကို ကျွန်ုပ်တို့ မျှော်လင့် ပါသည်။
ကျေးဇူးတင်ပါသည်။

Welcome to Korea

한국산업인력공단

# 이것만은 꼭 알아두세요!

| 구분 | 내용 | 신청기관 | 구비서류 |
|---|---|---|---|
| 취업교육 | 한국생활에 필요한 16시간 이상 교육이수 | 취업교육 기관 | 마약 검사 확인서, 사업자 등록증 사본, 여권 |
| 외국인 등록 | 외국인등록증 발급 (입국일로부터 90일이내) | 출입국 외국인청 | 여권, 사진1매, 수수료(1만원) |
| 근로계약 (체류기간) 연장 | 기간만료 60일 이전부터 만료일까지 | 출입국 외국인청 | 체류기간연장허가, 신청서, 여권, 외국인등록증, 표준근로계약서, 고용허가서, 신원보증서 |
| 근무처 변경 (구직활동) | 근로계약 해지, 중단 등의 사유가 발생한 경우 | 고용센터 | 구직신청서, 표준근로계약서, 근무처변경허가 신청서, 여권사본 |
| 체류지 변경 | 새로운 체류지 전입일로부터 14일 이내 | 출입국 외국인청 | 체류지 변경 신고서, 외국인등록증 |
| 고용체류 지원 | 고충상담 및 법률지원 | 한국산업 인력공단 | – |

※ 신청(수료) 주체 : 외국인근로자



# ဒီအချက်ကို သေချာ မှတ်ထားပေးပါ !

| ရှင်းလင်းချက် | မှတ်ချက်များ | လျှောက်လွှာတင်ရမည့်ကာလ | ပြင်ဆင်ရန် စာရွက်စာတမ်းများ |
|---|---|---|---|
| အလုပ်အကိုင်ခန့်ထားရေး ပညာရေး | ကိုရီးယားနေထိုင်မှုလူမှုဘဝဆိုင်ရာလမ်းညွှန် ပညာရေးကို ၁၆နာရီအထက် | အလုပ်အကိုင်ပညာရေး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ | မူယစ်ဆေးဝါးကင်းစင်ကြောင်း သက်သေခံလက်မှတ် စီးပွားရေးလုပ်ငန်း မှတ်ပုံတင်မိတ္တူ နိုင်ငံကူး လက်မှတ်(ပတ်စ်ပို့) |
| နိုင်ငံခြားသား မှတ်ပုံတင်ခြင်း | မှတ်ပုံတင် ထုတ်ပေးခြင်း (ဝင်ရောက်ပြီး ရက် ၉၀အတွင်း) | လူဝင်မှုကြီးကြပ်ရေး နိုင်ငံခြားသားရုံး | နိုင်ငံကူးလက်မှတ်၊ ဓါတ်ပုံ တစ်ပုံ၊ ဝန်ဆောင်ခအတွက် ဝမ် ၁၀,၀၀၀ |
| အလုပ်သမားအချိန်ကာလ (နေထိုင်ခွင့်) သက်တမ်းတိုးခြင်း | သက်တမ်းမကုန်ဆုံးမီ ရက် ၆၀အထိ | လူဝင်မှုကြီးကြပ်ရေး နိုင်ငံခြားသားရုံး | လျှောက်လွှာ၊ နိုင်ငံကူးလက်မှတ်၊ နိုင်ငံခြားသား မှတ်ပုံတင်၊ စံသတ်မှတ်ထားသော အလုပ်သမား စာချုပ်၊ အလုပ်ခန့်ထားခြင်း အသိအမှတ်ပြု လက်မှတ်၊ ထောက်ခံပေးသူ၏ ရှင်းတမ်း စာရွက် စာတမ်းများ |
| ကုမ္ပဏီ ပြောင်းလဲခြင်း (ဝန်ထမ်းရှာဖွေရေး ဆောင်ရွက်မှုများ) | အလုပ်သမားစာချုပ် အဆုံးသတ်ခြင်း စသည်တို့ကြောင့် လုပ်ငန်းခွင် ပြောင်းလဲမှု လိုအပ်လာခြင်း | အလုပ်အကိုင်ဌာန | အလုပ်လျှောက်လွှာ၊ စံသတ်မှတ်ထားသော အလုပ်သမား စာချုပ်၊ ကုမ္ပဏီ ပြောင်းလဲခြင်းအတွက် လျှောက်လွှာ၊ နိုင်ငံကူးလက်မှတ် |
| နေရာပြောင်းလဲခြင်း | နေရာအသစ်သို့ ပြောင်းရွှေ့ပြီး ၁၄ရက်အတွင်း | လူဝင်မှုကြီးကြပ်ရေး နိုင်ငံခြားသားရုံး | နေရာပြောင်းလဲခြင်း အစီရင်ခံစာ၊ နိုင်ငံခြားသား မှတ်ပုံတင် |
| အလုပ်အကိုင်ဖြင့် နေထိုင်ခြင်းအတွက် အထောက်အပံ့ပေးခြင်း | အတိုင်ပင်ခံဆွေးနွေးခြင်းနှင့် တရားဥပဒေဆိုင်ရာ ထောက်ခံမှုများ ပေးခြင်း | ကိုရီးယားနိုင်ငံ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး | – |

※ လျှောက်ထားနိုင်သည့်သူ ៖ နိုင်ငံခြားလုပ်သား

# 받아야 할 임금이 체불 되었나요?

## 임금 체불이란?

- 사업주가 근로의 대가로 지급하여야 할 급여를 지급하기로 정하여진 때(급여일)에 지급하지 않은 경우
- 일방적인 임금 삭감이나 퇴직금을 당사자 동의 없이 퇴직한 때로부터 14일 이내 지급하지 않은 경우도 포함

## 임금 체불 시 이렇게 해결하세요.

- 임금체불 시에는 사업장을 관할하는 고용노동부에 신고하거나 법원에 민사소송을 제기할 수 있음
- 사업장이 도산 되었을 경우에는 체당금*을 신청할 수 있음



- 체당금: 근로자가 사업장 도산 등을 이유로 임금 등을 지급받지 못할 경우, 국가가 일정 한도 내에서 우선 지급해 주는 임금

| 구분 | 진정 또는 고소 | 민사소송을 통한 구제 |
|---|---|---|
| 절차 | 고용노동부에 진정서 내지 고소장을 제출하여, 사업주에게 형사처벌 등의 처분을 통해 문제 해결 | 법원에 소송을 제기하여, 소 제기와 동시에 가압류 등의 보전처분을 제기 |
| 장점 | - 신속한 해결이 가능<br>- 비용 및 절차가 간소 | 임금 채권의 확보를 위한 강제집행이 가능하여 체불임금 지급이 보다 확실 |
| 단점 | 사업주에게 임금지급 능력이 없는 경우, 사건 해결이 곤란함 | 소요되는 시간 및 비용 부담이 다소 큼 |



# ရစရာ ရှိတဲ့ လစာ မရဘဲ ဖြစ်နေသလား

## လစာ မရခြင်းဆိုသည်မှာ -

- လုပ်ငန်းရှင်က အလုပ်အဖိုးအခအဖြစ် ပေးရမည့်လစာကို ပေးမည်ဟုသတ်မှတ်ထားသည့်နေ့ရက် (လစာထုတ်ရက်)တွင် မပေးခြင်း
- ပုံမှန်လစာကို လျှော့ပေးခြင်း သို့မဟုတ် လုပ်သက်ဆုကြေးကို သက်ဆိုင်သူ၏ သဘောတူညီချက်မရှိဘဲ အလုပ်ထွက် သည့်နေ့မှစပြီး ၁၄ ရက်အတွင်း မပေးအပ်ခြင်း အပါအဝင်

## လစာမရရင် ဒီလိုလုပ်ပါ။

- လစာမရလျှင် လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့်အလုပ်သမားခန့်အပ်ရေးရုံးတွင် တိုင်ကြားခြင်း သို့မဟုတ် တရားရုံးတွင် တရားမမှုဖြင့် စွဲချက်တင်ခြင်းကို လုပ်နိုင်ပါသည်။
- လုပ်ငန်းခွင် အရှုံးပေါ်၍ ပိတ်သိမ်းသည့်အခြေအနေဖြစ်လျှင် အစားလျော်ပေးငွေ*ကို လျှောက်ယူနိုင်ပါသည်။



- အစားလျော်ပေးငွေ - လုပ်သားသည် လုပ်ငန်းခွင်အရှုံးပေါ်၍ ပိတ်သိမ်းခြင်း စသည့်အကြောင်းရင်းများကြောင့် လစာ စသည်တို့ကို မရသည့်အခြေအနေတွင် နိုင်ငံတော်က သတ်မှတ်ထားသည့် ပမာဏကို ဦးစွာ လျော်ပေးသည့် လစာ

| အမျိုးအစား | အကူအညီတောင်းခံခြင်း (သို့) တိုင်ကြားခြင်း | တရားစွဲဆိုခြင်းမှ တဆင့် အကူအညီရယူခြင်း |
|---|---|---|
| လုပ်ငန်းစဉ် | အလုပ်သမားခန့်အပ်ရေးရုံးတွင် အသနားခံစာ သို့မဟုတ် တရားစွဲဆိုစာကို တင်သွင်းပြီး၊ လုပ်ငန်းရှင်ကို ရာဇဝတ်မှုဖြင့် တရားဆွဲဆိုခြင်း စသည်တို့လုပ်ဆောင်ပြီး ပြဿနာ ဖြေရှင်းခြင်း | တရားရုံးတွင် တရားဆွဲရန် စွဲချက်တင်ပြီး၊တရားဆွဲဆိုခြင်းနှင့် တစ်ပြိုင်တည်း ပိုင်ဆိုင်မှုများကို ဝရမ်းကပ်ခြင်းစသည့် ထိန်းသိမ်းမှုများ ဆောင်ရွက်ရန် တင်သွင်းခြင်း |
| အားသာချက် | - လျှင်မြန်စွာ ဖြေရှင်းနိုင်ခြင်း<br>- ကုန်ကျစရိတ်နှင့် လုပ်ငန်းစဉ်မှာ ရိုးရှင်းခြင်း | လုပ်ခလစာရပိုင်ခွင့် ရယူခြင်းအတွက် အတင်း အကြပ် စစ်ဆေးနိုင်ပြီး လုပ်ခလစာ ပေးခြင်းကို ပိုမို ထိရောက်နိုင်။ |
| အားနည်းချက် | လုပ်ငန်းရှင်သည် လုပ်ခလစာပေးနိုင်စွမ်း မရှိပါက ဖြေရှင်းမှု အဆင်မပြေနိုင် | အချိန်နှင့် စရိတ် ကုန်ကျခြင်း |

## 다음의 서류가 필요해요.

- 사업장 주소, 연락처, 사업주 성명 등 사업장 관련 정보
- 근로계약서, 임금지급 명세서, 임금지급 통장내역
- 동료 증언, 근무 기록 자료 등

## 구제 절차는 다음과 같아요.

- 고용노동부 신고(진정 또는 고소) 절차



- 진정 : 체불된 임금을 지급받을 수 있도록 요구
- 고소 : 사업주를 근로기준법 위반으로 처벌해 달라는 요구

**사실관계조사(사업주, 근로자)**

↓

**체불임금 확정**

↓

**사업주에게 체불임금 지급 지시**

↓

**사업주가 체불임금 지급 거부 시 형사처벌**

↓

**법원에 민사소송 제기**

※ 외국인 전용보험-임금체불 보증보험 안내 ▶ 30페이지

고용노동부 상담센터 1350 / 외국인력 상담센터 1577-0071



## အောက်ပါ စာရွက်စာတမ်းတွေ လိုအပ်ပါတယ်။

- ကုမ္ပဏီ လိပ်စာ၊ ဖုန်းနံပါတ်၊ လုပ်ငန်းရှင် အမည် စသည့် ကုမ္ပဏီ၊ လုပ်ငန်းနှင့် ပတ်သတ်သော အချက်အလက်များ
- အလုပ်စာချုပ်၊ လစာစာအိတ် စသည့် လုပ်ခလစာစာရင်း စာရွက်၊ လုပ်ခလစာ လက်ခံသော ဘဏ်စာအုပ် အဝင်အထွက် စာရင်း
- လုပ်ဖော်ကိုင်ဖက်၏ ထောက်ခံချက်၊ အလုပ်လုပ်ချိန် မှတ်ထားသော အချက်အလက် စသည်

## ဖြေရှင်းပုံ အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

- အလုပ်သမားခန့်အပ်ရေးရုံးတွင် တိုင်ကြားခြင်း (အသနားခံခြင်း သို့မဟုတ် တရားစွဲဆိုခြင်း) အစီအစဉ်



- အကူအညီတောင်းခံခြင်း : ပေးစရာကျန်ရှိသော လစာကို ရရှိနိုင်အောင် အကူအညီတောင်းခံခြင်း။
- တိုင်ကြားခြင်း : လုပ်ငန်းရှင်ကို အလုပ်ခန့်ထားမှုစံဥပဒေကို ချိုးဖောက်ခြင်းကြောင့် ပြစ်ဒဏ်ပေးရန် တိုင်ကြားခြင်း။

**အဖြစ်မှန် စစ်ဆေးခြင်း (လုပ်ငန်းရှင်၊ အလုပ်သမား)**

↓

**ပေးရန်ကျန်ရှိသော လုပ်ခလစာ အတည်ပြုခြင်း**

↓

**ပေးရန် တိုက်တွန်းခြင်း**

↓

**ပေးရန် ငြင်းဆိုပါက ပြစ်ဒဏ်ပေးခြင်း**

↓

**တရားရုံးတွင် တရားမမှုဖြင့် စွဲချက်တင်ခြင်း**

※ နိုင်ငံခြားသား သီးသန့်အာမခံ-လစာမရခြင်းကို တာဝန်ယူမှုအာမခံ လမ်းညွှန် ▶ စာမျက်နှာ ၃၀

အလုပ်သမားခန့်အပ်ရေးရုံး ဆွေးနွေးရေးစင်တာ ၁၃၅၀ / နိုင်ငံခြားသားလူ့စွမ်းအား ဆွေးနွေးရေးစင်တာ ၁၅၇၇-၀၀၇၁

# 부당하게 해고 되셨나요?

## 해고란?

• 사용자가 일방적으로 장래에 대하여 근로관계를 소멸시키는 행위로서 명칭이나 절차에 관계없이 사용자가 일방적으로 근로관계를 종료시키는 행위

## 해고의 제한



• 사업주는 정당한 이유 없이 일방적으로 근로자를 해고할 수 없습니다.

• 회사 사정으로 인한 해고, 즉 경영상 이유에 의한 해고의 경우에도 일정한 요건과 절차를 거쳐야 함

## 부당 해고 시 이렇게 해결하세요.

• 5인 이상 사업장에서 부당해고 등을 당했을 경우, 관할지방 노동위원회에 구제를 신청* 할 수 있음

• 부당해고로 인정받으면 원래 직장으로 돌아갈 수 있거나 복직을 원하지 않을 경우 해고기간 동안 임금을 받을 수 있음

• 5인 미만 사업장일 경우에는 법원에 소송을 제기할 수 있음



• 구제신청 : 부당해고 발생한 날로부터 3개월 이내에 신청해야 함



# မတရား အလုပ်ထုတ်ခံရသလား

## အလုပ်ထုတ်ခံရခြင်း ဆိုသည်မှာ

• သာမန်အနေဖြင့် အလုပ်ခန့်အပ်သူက ရေ့ဆက်အလုပ်လုပ်ရန် ခွင့်မပြုခြင်းဖြစ်ပြီး အကြောင်းကိစ္စ သို့မဟုတ် အစီ အစဉ် တစ်ခုခုကြောင့်မဟုတ်ဘဲ လုပ်ငန်းရှင်က အလုပ်လုပ်ခြင်းကို ရပ်ဆိုင်းသည့်အပြုအမူ

## အလုပ်ထုတ် ကန့်သတ်ချက်



• လုပ်ငန်းရှင်သည် သင့်တင့်သော အကြောင်းပြချက်မရှိဘဲ သာမာန်အားဖြင့် လုပ်သားကို အလုပ်ထုတ်မရပါ။

• ကုမ္ပဏီအုပ်ချုပ်သူကြောင့် အလုပ်ထုတ်ခံရခြင်း၊ တနည်းအားဖြင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အကြောင်းရင်းကြောင့် အလုပ်ထုတ်ခံရသည့် အခြအနေဖြစ်လျှင်လည်း သတ်မှတ်ထားသည့် အချက်အလက်နှင့် အစီအစဉ်အတိုင်း ဆောင် ရွက်ရမည်

## မတရား အလုပ်ထုတ်ခံရရင် ဒီလို ဖြေရှင်းပါ။

• လုပ်သား ၅ယောက်အထက် ရှိသော လုပ်ငန်းခွင်တွင် တရားဥပဒေနှင့် မညီသော အလုပ်ထုတ်ပယ်ခြင်း ခံရသည့် အခြေအနေတွင် ဒေသတွင်း အလုပ်သမားကော်မတီသို့ အကူအညီတောင်ခံ လျှောက်ထားနိုင်ပြီး၊

• တရားဥပဒေနှင့် မညီသော အလုပ်ထုတ်ပယ်ခြင်းဖြစ်ကြောင်း အတည်ပြုခံရလျှင် မူလ အလုပ်လုပ်ကိုင်နေသော လုပ်ငန်းခွင်သို့ ပြန်လည်သွားရောက်လုပ်ကိုင်နိုင်ပြီး ပြန်လည်လုပ်ကိုင်ရန် ဆန္ဒမရှိလျှင် အလုပ်ထုတ်ခံထားရသော ကာလအတွင်း လုပ်ခလစာကို ရရှိနိုင်သည်။

• ၅ယောက်အောက် ရှိသော လုပ်ငန်းခွင်ဖြစ်ပါက တရားစွဲဆိုနိုင်သည်။



• အကူအညီပေးရန်လျှောက်ထားခြင်း - မတရား အလုပ်ထုတ်ခံရသည့်နေ့မှစပြီး ၃ လအတွင်း လျှောက်ထားရမည်

## 구제 절차는 다음과 같아요.

• 5인 이상 사업장에서 일하다가 부당해고를 당했을 경우, 다음과 같은 구제 절차를 거쳐요.

**노동전문가와의 상담을 통해 부당해고 등에 대한 구제 절차에 필요한 사안 정리**

↓

**지방노동위원회에 부당해고 등 구제신청서, 신청이유서 제출**

↓

**지방노동위원회 심문회의 개최**

↓

**부당해고 등으로 결정 시 복직 및 임금상당액 지급 명령**

↓

**사업주가 최종 확정된 명령을 이행하지 않을 경우 강제금 부과**

고용노동부 상담센터 1350 / 외국인력 상담센터 1577-0071



## အကူအညီပေးမည့် အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

• အလုပ်သမား ၅ ယောက်အထက်ရှိ လုပ်ငန်းခွင်တွင် အလုပ်လုပ်ရာမှ မတရားအလုပ်ထုတ်ခံရလျှင် အောက်ပါ အကူအညီပေးမည့် အစီအစဉ်များကို ဆောင်ရွက်ရမည်။

အလုပ်သမားရေးရာကျွမ်းကျင်သူနှင့် ဆွေးနွေးတိုင်ပင်ခြင်းဖြင့် မတရားအလုပ်ထုတ်ခံရခြင်း စသည်တို့နှင့် ပတ်သက်သည့် အကူအညီပေးသည့်အစီအစဉ်အတွက် လိုအပ်သည့် အချက်အလက်များ စုဆောင်းခြင်း

↓

ဒေသဆိုင်ရာအလုပ်သမားကော်မီတီတွင် မတရားအလုပ်ထုတ်ခံရခြင်း စသည့် အကူအညီပေးရန်လျှောက်လွှာ၊ လျှောက်ထားရသည့် အကြောင်းရင်းတို့ကို တင်ပြခြင်း

↓

ဒေသဆိုင်ရာအလုပ်သမားကော်မီတီ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း

↓

မတရားအလုပ်ထုတ်ခံရခြင်း စသည်ဖြင့် ဆုံးဖြတ်ပါက အလုပ်ပြန်ရရန်နှင့် သင့်တော်သည့် လစာပမာဏ ပေးရန် ညွှန်ကြားခြင်း

↓

လုပ်ငန်းရှင်က နောက်ဆုံး ဆုံးဖြတ်ထားသည့် အမိန့်ကို မလိုက်နာပါက ဒဏ်ကြေးငွေ ထပ်တိုးပေးဆောင်ရမည်

အလုပ်သမားခန့်အပ်ရေးရုံး ဆွေးနွေးရေးစင်တာ ၁၃၅၀ /
နိုင်ငံခြားသားလူ့စွမ်းအား ဆွေးနွေးရေးစင်တာ ၁၅၇၇-၀၀၇၁

# 일을 하다가 다치셨나요?

### 산업재해란?

- 근로자가 업무와 관계되는 작업 또는 그 밖의 업무로 인해 사망 또는 부상을 당하거나 질병에 걸리는 것을 말함
- 산업재해 발생으로 4일 이상 치료가 필요하거나 사망한 경우 산재보험에서 보상 받을 수 있음

### 산업재해보험급여의 종류는 다음과 같아요.

- 산업재해로 인한 피해를 보험을 통해 보상받을 수 있어요.

| 급여 종류 | 주요 부상 내용 |
|---|---|
| 요양급여 | 업무상 재해가 완치될 때까지 치료비 지급 |
| 휴업급여 | 치료로 인해 일을 못할 경우 생계보호를 위한 비용 지급 |
| 장해급여 | 업무상 재해로 치료를 받았으나 장해가 남았을 경우 급여 지급 |
| 간병급여 | 치료가 끝난 후 산재근로자가 간병이 필요할 경우 지급 |
| 유족급여 | 산업재해로 근로자 사망 시 유족 생활보호를 위해 급여 지급 |
| 장의비용 | 업무상 재해로 사망한 근로자의 장례에 소요되는 비용 지급 |
| 상병보상연금 | 치료시작 후 2년 동안 치유되지 않을 시 휴업급여 대신 지급 |



# အလုပ်လုပ်ရာက ထိခိုက်ခဲ့သလား

### လုပ်ငန်းခွင်ထိခိုက်မှုဆိုသည်မှာ

- လုပ်သားသည် အလုပ်နှင့် ဆက်စပ်မှုရှိသည့် အလုပ် သို့မဟုတ် အခြားအလုပ်ကြောင့် သေဆုံးခြင်း၊ ထိခိုက် ဒဏ်ရာရခြင်း သို့မဟုတ် ရောဂါဖြစ်ခြင်းကို ဆိုလိုသည်
- လုပ်ငန်းခွင်ထိခိုက်မှုဖြစ်ပေါ်ခြင်းကြောင့် ၄ ရက် အထက် ဆေးကုသရန်လိုအပ်လျှင် သို့မဟုတ် သေဆုံးလျှင် ထိခိုက်မှုအာမခံမှ လျော်ကြေးငွေ ရနိုင်သည်

### လုပ်ငန်းခွင်ထိခိုက်မှုအာမခံလစာ အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်။

- လုပ်ငန်းခွင်ထိခိုက်မှုကြောင့် နစ်နာခြင်းကို အာမခံမှတဆင့် လျော်ကြေးငွေ ရနိုင်သည်။

| စားရိတ်အမျိုးအစား | ထောက်ပံ့ကြေး အကြောင်းအရာ |
|---|---|
| ဆေးကုသစားရိတ် | အလုပ်တာဝန်ကြောင့် ဖြစ်ပွားသော ထိခိုက်မှုကို ကုသမှု ပြီးမြောက်သည်အထိ ကုသစရိတ် ထောက်ပံ့ခြင်း။ |
| နားရက်လစာ | ကုသမှုကြောင့် အလုပ်မလုပ်နိုင်သော အခြေအနေတွင် နေထိုင်စားသောက်ရန်အတွက် စားရိတ် ထောက်ပံ့ခြင်း။ |
| မသန်စွမ်းကျန်ရှိမှုအတွက် ပေးသော စားရိတ် | အလုပ်တာဝန်ကြောင့် ဖြစ်ပွားသော ထိခိုက်မှုအနေဖြင့် ကုသမှုခံယူခဲ့သော်လည်း မသန်စွမ်းမှုကျန်ရှိသော အခြေအနေတွင် စားရိတ်ထောက်ပံ့ခြင်း။ |
| စောင့်ရှောက်မှုစားရိတ် | ကုသမှု ပြီးမြောက်သော လုပ်သားသည် ကုသမှုခံယူပြီးနောက် ပြုစုစောင့်ရှောက်ရန် လိုအပ်ပါက ထောက်ပံ့ပေးသော စားရိတ်။ |
| ကျန်ရစ်သူ မိသားစုအတွက် စားရိတ် | အလုပ်ကြောင့်ဖြစ်သော ထိခိုက်မှုကြောင့် လုပ်သား သေဆုံးချိန်တွင် ကျန်ရစ်သူ မိသားစု နေထိုင်စားသောက်မှုကို စောင့်ရှောက်ပေးရန် ထောက်ပံ့ခြင်း |
| နာရေးစားရိတ် ထောက်ပံ့ခြင်း | သေဆုံးသွားသော လုပ်သား၏ ဈာပနအတွက် ကုန်ကျစားရိတ်ထောက်ပံ့ခြင်း |
| ထိခိုက်ရှနာအတွက်လျော်ကြေး | ကုသမှုစတင်ပြီး ၂နှစ်ကြာပြီးနောက် ပြန်လည်မကောင်းလာပါက အလုပ်နားခြင်းလစာ အစား ထောက်ပံ့ခြင်း။ |

## 산업재해가 발생 했을 때 이렇게 하세요.

- 산업재해 발생 시에는 사업장 관할 근로복지공단에 근로자가 산재보상 신청서를 제출
- 신청권은 근로자에게 있으며, 사업장에서 처리해 주지 않거나 산업 재해 신청에 동의하지 않아도 직접 신청할 수 있음

## 산업재해 발생 시 이렇게 해결하세요.

- 산업재해 발생 시간, 사유, 현장 상황 등을 기록
- 많이 다쳤을 경우 119 응급 차량을 불러 병원으로 이송
- 병원 진료 시에는 다친 상황을 있는 그대로 설명
- 그 외 현장 사진, 목격자 진술서 등 자료 확보

## 산업재해 신청은 다음과 같이 처리돼요.

### 1. 요양

요양신청

↓

요양

↓

재요양(재발 및 악화 시)

### 2. 보상

- 장해 및 간병급여
- 유족급여 및 장의비
- 요양으로 인해 미취업한 기간에 대한 휴업급여

☎ 근로복지공단 1588-0075



## လုပ်ငန်းခွင် ထိခိုက်မှုဖြစ်ရင် ဒီလိုလုပ်ပါ။

- အလုပ်ကြောင့် ထိခိုက်မှု ဖြစ်ပွားချိန်တွင် လုပ်ငန်းခွင်ရှိရာ ဒေသ၏ အလုပ်သမားစင်တာတွင် လုပ်သားသည် လုပ်ငန်းကြောင့် ဖြစ်ပွားသော ထိခိုက်မှု အာမခံ လျှောက်လွှာကို တင်ရမည်။
- လုပ်သားသည် လုပ်ငန်းခွင်ထိခိုက်မှု အာမခံ လျှောက်ထားခွင့် ရှိသည်။ ကုမ္ပဏီမှ လုပ်ပေးခြင်းမရှိလျှင် သော်လည်းကောင်း လုပ်ငန်းခွင်ကြောင့် ထိခိုက်မှု အနေဖြင့် လျှောက်ထားရန် သဘောမတူလျှင် လုပ်သားက တိုက်ရိုက် လျှောက်ထားနိုင်သည်။

## လုပ်ငန်းခွင် ထိခိုက်မှုဖြစ်ရင် ဒီလိုဖြေရှင်းပါ။

- လုပ်ငန်းခွင်တွင်း ထိခိုက်သော အချိန်၊ အကြောင်းပြချက်၊ ဖြစ်ပွားသော နေရာ အခြေအနေ စသည်တို့ကို မှတ်တမ်းတင်ရန်
- ထိခိုက်ဒါဏ်ရာရရှိမှု များပါက ၁၁၉ အရေးပေါ်ကားကို ခေါ်ပြီးဆေးရုံသို့ ပို့ပေးရန်
- ဆေးရုံ ဆေးကုသမှု ခံယူချိန်တွင် ထိခိုက်သော အခြေအနေကို အရှိအတိုင်း ရှင်းပြပြီး အလုပ်လုပ်ရာမှ ထိခိုက်ကြောင်းကို အထူး သေချာ ပြောပြပေးရန်
- ထို့အပြင် လုပ်ငန်းခွင်တွင် ဖြစ်ပွားမှု ဓါတ်ပုံ၊ မျက်မြင်သက်သေ သက်သေခံလွှာ စသည့် အချက်အလက်များကို ရယူရန်

## လုပ်ငန်းခွင်ထိခိုက်မှု လျှောက်ထားခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ပေးပါသည်။

### 1. အနားယူဆေးကုသခြင်း

အနားယူဆေးကုသရန် လျှောက်ထားခြင်း

↓

အနားယူဆေးကုသခြင်း

↓

ပြန်လည် အနားယူဆေးကုသခြင်း (ပြန်လည်ဖြစ်ပွားလျှင်နှင့် ဆိုးဝါးလာလျှင်)

### 2.လျော်ကြေးငွေ

- မသန်စွမ်းဖြစ်ခြင်းနှင့် သူနာပြုလစာ
- ကျန်ရစ်သူမိသားစုလစာနှင့် သင်္ဂြိုဟ်စရိတ်
- အနားယူဆေးကုသနေစဉ် အလုပ်မလုပ်နိုင်သည့် ကာလအတွက် အလုပ်နားလစာ

☎ အလုပ်သမားဖူလုံရေးအဖွဲ့ ၁၅၈၈-၀၀၇၅

# 직장 내 성희롱을 당했다면?

## 직장 내 성희롱이란?

- 상대방의 의사에 반하는 성과 관련된 언동으로 불쾌하고 굴욕적인 느낌을 갖게 하거나 고용상의 불이익 등 유무형의 피해를 주는 행위
- 사업주, 상급자 또는 동료근로자는 직장 내 지위를 이용해 다른 근로자에게 성적 굴욕감이나 고용에서 불이익을 주면 안됨



- 직장 내 성희롱은 강력 범죄에 해당합니다.
- 사업장 밖에서 이루어지는 회식, 야유회 등에서의 성희롱도 직장 내 성희롱으로 간주됩니다.

## 다음과 같은 행동은 성희롱에 해당해요.

### 1. 언어적 행위

- 음란한 농담이나 음담패설
- 옷차림, 신체, 외모에 대한 성적인 비유나 평가
- 성적 사실관계를 집요하게 묻거나 성적인 내용의 정보를 의도적으로 유포
- 회식자리 등에서 옆에 앉혀 술을 따르도록 강요하는 행위 등
- 성적 관계를 강요하거나 회유하는 행위
- 음란한 내용의 전화 통화

고용노동부 상담센터 1350



# လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှု ကြုံတွေ့ခဲ့ရင်

## လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုဆိုသည်မှာ

- တစ်ဖက်သား၏ဆန္ဒနှင့် ဆန့်ကျင်သည့် လိင်ပိုင်းဆိုင်ရာ စကားနှင့်အပြုအမူကြောင့် မနှစ်သက်မှုဖြစ်ပြီး ရှက်ရွံ့သည့် ခံစားချက် ဖြစ်ပေါ်ခြင်း သို့မဟုတ် လုပ်ငန်းပိုင်းဆိုင်ရာဆိုးကျိုး စသည့် ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ် စေသည့် အပြုအမူ
- လုပ်ငန်းရှင်၊ ရာထူးကြီးသူ (သို့) လုပ်ဖော်ကိုင်ဖက်သည် လုပ်ငန်းခွင်တွင်း ရာထူးကို အသုံးချပြီး တခြားသော လုပ်သားအား လိင်ပိုင်းဆိုင်ရာ အရှက်ရအောင်ပြုလုပ်ခြင်း သို့ အလုပ်ခန့်ထားခြင်းကို ထိခိုက်စေသော အပြုအမူ မပြုလုပ်ရပါ။



- လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုသည် ဆိုးရွားသည့် ရာဇဝတ်မှုဖြစ်ပါသည်။
- လုပ်ငန်းခွင်ပြင်ပ လုပ်ဆောင်မှုများဖြစ်သည့် ကုမ္ပဏီညစာစားပွဲ၊ ပျော်ပွဲစားထွက်ခြင်း စသည်တို့တွင်ဖြစ်ပွားသည့် လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုကို လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုအဖြစ် သတ်မှတ်သည်။

## အောက်ပါ အပြုအမူများသည် လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုတွင် ပါဝင်သည်။

### ၁။ နှုတ်ပိုင်းဆိုင်ရာ အပြုအမူ

- ညစ်ညမ်းသော နောက်ပြောင်ခြင်း သို့ ဆဲဆိုသော အပြုအမူများ
- အဝတ်အစားဝတ်စားဆင်ယင်မှု၊ ကိုယ်ခန္ဓာ . အပြင်ပန်းနှင့် ပတ်သတ်ပြီး လိင်ပိုင်းဆိုင်ရာ တင်စားခြင်း သို့ ဝေဖန်ခြင်း
- လိင်ပိုင်းဆိုင်ရာ အမှန်တကယ် ဆက်စပ်မှုကို အတင်းအကြပ် မေးမြန်းခြင်းသော်လည်းကောင်း လိင်ပိုင်းဆိုင်ရာ အကြောင်းအရာကို ရည်ရွယ်ချက် ရှိရှိ မေးမြန်ခြင်း
- စုပေါင်း စားသောက်ပွဲင်း စသည်တို့တွင် အတင်းအကြပ် ဘေးတွင် ထိုင်စေပြီး အရက်ငှဲ့ခိုင်းစေခြင်း အပြုအမူ စသည်
- လိင်ပိုင်းဆိုင်ရာ ဆက်ဆံမှုကို အသားပေးခြင်း သို့ တောင်းဆိုသော အပြုအမူ
- ညစ်ညမ်းသော အကြောင်းအရာများ အကြောင်း ဖုန်းပြောဆိုခြင်း

အလုပ်သမားခန့်အပ်ရေးရုံး ဆွေးနွေးရေးစင်တာ ၁၃၅၀

## 2. 육체적 행위

- 입맞춤이나 포옹, 뒤에서 껴안기 등의 신체적 접촉 행위
- 엉덩이 등 특정 신체부위를 만지는 행위
- 안마나 애무를 강요하는 행위 등

## 3. 시각적 행위

- 외설적인 사진, 그림, 낙서, 음란 출판물 등을 게시하거나 보여주는 행위
- 직접 또는 팩스나 컴퓨터 등으로 음란한 편지, 그림, 사진 송부
- 성과 관련된 특정 신체부위를 고의적으로 노출하거나 만지는 행위
- 상대방의 특정 신체부위를 유심히 쳐다보거나 훑어보는 행위

## 성희롱 발생 시에는 다음과 같이 대처해요!

- 행위자에게 명확하게 거부의사 표시, 표현
- 날짜, 시간, 장소, 구체적인 내용, 목격자나 증인, 성적인 언어나 행동에 대한 느낌 등 구체적으로 기록한 자료 등 확보
- 상급자 등에게 상담 및 행위를 중지할 수 있도록 조치 요청
- 지방고용노동관서에 상담 또는 신고



- 고용노동부 직장 내 성희롱 익명신고 센터 (www.moel.go.kr)
- 홈페이지 → 민원신청 → 신고센터 → 직장 내 성희롱 익명 신고창

여성긴급전화(성폭력, 성추행의 경우) 1366



## ၂။ ကိုယ်ပိုင်းဆိုင်ရာ အပြုအမူ

- အနမ်းခံရခြင်း(သို့) အဖက်ခံရခြင်း၊ နောက်မှ သိုင်းဖက်ခြင်း စသည် ကာယကံမြောက် နီးစပ်ရန် ကြိုးစားသော အပြုအမူ
- ရင်သား၊ တင် စသည့် ခန္ဓာကိုယ်အစိတ်အပိုင်းကို ထိတွေ့ကိုင်တွယ်ခြင်း အပြုအမူ
- နှိပ်နယ်ခြင်း (သို့) ပွတ်သီးပွတ်သတ်လုပ်ခြင်း ကဲ့သို့သော အပြုအမူ စသည်

## ၃။ အမြင်ပိုင်းဆိုင်ရာ အပြုအမူ

- လိင်ပိုင်းဆိုင်ရာ ဓါတ်ပုံ၊ ပန်းချီ၊ ရေးဆွဲခြင်း၊ စိတ်တက်ကြွစေသော အရာပစ္စည်းများ စသည်တို့ကို မြင်စေခြင်း သို့ ပြသော အပြုအမူ
- တိုက်ရိုက် သို့ ဖက်စ်ဖြင့်သော်လည်းကောင်း ကွန်ပျူတာ စသည်တို့မှ တဆင့် စိတ်တက်ကြွစေသော ညစ်ညမ်းသည့် စာ၊ ဓါတ်ပုံ၊ ပန်းချီတို့ကို ပေးပို့ခြင်း
- လိင်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အစိတ်အပိုင်းကို တမင်သက်သက် ထုတ်ဖော်ပြသခြင်း သို့ ကိုင်တွယ် ပြသခြင်း အပြုအမူ
- တခြားသူ၏ လိင်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အစိတ်အပိုင်းကို စေ့စေ့စပ်စပ် ကြည့်ခြင်း (သို့) စိုက်ကြည့်ခြင်း အပြုအမူ

## လိင်ပိုင်းဆိုင်ရာနောက်ယှက်မှုဖြစ်ပွားလျှင် အောက်ပါအတိုင်း လုပ်ဆောင်ပါတယ်!

- အကြမ်းဖက်သူကို အလိုမတူကြောင်းကို သိသာစွာ ပြောပြပြုမူရမည်။
- နေ့ရက်၊ အချိန်၊ နေရာ၊ အသေးစိတ် အကြောင်းအရာ၊ သက်သေ(သို့) သက်သေခံပစ္စည်း၊ လိင်ပိုင်းဆိုင်ရာ စကားအသုံးအနှုန်း၊ အပြုအမူနှင့် ပတ်သတ်သော ခံစားချက် စသည်တို့ကို အသေးစိတ် မှတ်တမ်းတင်ထားသော သက်သေခံပစ္စည်းကို ရယူရမည်။
- အထက်လူကြီးစသူတို့နှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် အပြုအမူရပ်တန့်သွားအောင်ဆောင်ရွက်ပေးရန် တောင်းဆိုခြင်း
- ဒေသဆိုင်ရာအလုပ်သမားစင်တာတွင် တိုင်ပင်ဆွေးနွေးခြင်း သို့ တိုင်တန်းခြင်း



- အလုပ်သမားခန့်အပ်ရေးရုံး လုပ်ငန်းခွင်အတွင်းလိင်ပိုင်းဆိုင်ရာနောက်ယှက်မှု အမည်မဖော်ဘဲတိုင်ကြားနိုင်သည့် စင်တာ (www.moel.go.kr) ဟုမ်းပေ့
- ပြည်သူ အသနားခံလွှာ → တိုင်ကြားရေးဌာန → လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ နောက်ယှက်မှု အမည်မဖော်ဘဲတိုင်ကြားနိုင်သည့် စာမျက်နှာ

အမျိုးသမီး အရေးပေါ်ဖုန်း (လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာစော်ကားမှု ဖြစ်လျှင်) ၁၃၆၆

# 성폭력이나 성추행을 당했다면?

## 성폭력이란?

- 상대방의 의사에 반하여 힘의 차이를 이용하여 상대방의 성적 자기결정권을 침해하는 모든 성적 행위
- 좁은 의미로는 성폭력 관련법에 의해 가해자를 형사처벌할 수 있는 강간, 강제추행 등을 의미



- 최근에는 상대방의 의사를 무시한 채 행위를 한 경우 폭행이 없어도 강간, 강제추행으로 인정되기도 함

## 성폭행·성추행·성희롱의 개념이 헷갈리시나요?

### 1. 성폭력

- 성폭력 유형 중 하나로 강간, 강간 미수를 의미

### 2. 성추행

- 상대방 의사에 반하여 성적인 수치심이나 혐오감을 유발하는 성적행위로 간음 이 외의 성적 가해 행위 (폭행이나 협박을 통할 경우 강제추행)

### 3. 성희롱

- 행위자가 성적인 언동 등으로 피해자에게 성적 굴욕감, 혐오감을 느끼게 하는 모든 행위이며, 직장 내 성희롱의 경우 주로 업무, 고용 등 권력 차이로 발생



# လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း ခံရလျှင်

## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းဆိုသည်မှာ

- တစ်ဖက်သား၏ဆန္ဒနှင့်ဆန့်ကျင်ပြီး ခွန်အားကွာခြားမှုကိုအသုံးချကာ သူတစ်ပါး၏ လိင်ပိုင်းဆိုင်အစိတ်အပိုင်းများကို ကျူးကျော်ရာရောက်သည့် အပြုအမူအားလုံး
- အကျဉ်းချုပ်အနေဖြင့် လိင်ပိုင်းဆိုင်ရာဥပဒေအရ ကျူးလွန်သူကို ရာဇဝတ်မှုဖြင့်အရေးယူနိုင်သည့် မတရားကျင့် ခြင်း၊ အဓမ္မစော်ကားခြင်း စသည်တို့ကို ဆိုလိုသည်



- ယခုအခါတွင် တစ်ဖက်သား၏ ဆန္ဒကို လစ်လျူရှုသည့်ပုံစံဖြင့် ပြုလုပ်သည့်အပြုအမူဖြစ်လျှင် အကြမ်းဖက်မှု မရှိသော် လည်း မတရားကျင့်ခြင်း၊ အဓမ္မစော်ကားခြင်းအဖြစ် သတ်မှတ်နိုင်သည်

## လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊လိင်ပိုင်းဆိုင်ရာစော်ကားမှု၊လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှု အဓိပ္ပာယ်တွေ ရောထွေးနေပါ သလား

### ၁။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အမျိုးအစားတစ်မျိုးဖြစ်သည့် မတရားကျင့်ခြင်း၊ မတရားကျင့်ရန်ကြိုးပမ်းခြင်းကို ဆိုလိုသည်

### ၂။ လိင်ပိုင်းဆိုင်ရာ စော်ကားမှု

- တစ်ဖက်သား၏ဆန္ဒကိုဆန့်ကျင်ပြီး လိင်ပိုင်းဆိုင်ရာရှက်ရွံ့မှု သို့မဟုတ် မနှစ်သက်မှု ဖြစ်ပေါ်စေသည့် လိင်ပိုင်း ဆိုင်ရာအပြုအမူဖြစ်သည့် အိမ်ထောင်ရေးဖောက်ပြန်မှုနှင့် လိင်ပိုင်းဆိုင်ရာအပြုအမူများ (ထိုးကြိတ်ခြင်း၊ ခြိမ်းခြောက် ခြင်းပြုလုပ်လျှင် အဓမ္မစော်ကားခြင်းဖြစ်သည်)

### ၃။ လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှု

- နှောက်ယှက်မှုပြုသူသည် လိင်ပိုင်းဆိုင်ရာပြောဆိုမှုစသည်တို့ဖြင့် နစ်နာသူကို လိင်ပိုင်းဆိုင်ရာသိမ်ငယ်စိတ်၊ မနှစ် သက်မှုဖြစ်ပေါ်စေသည့် အပြုအမူအားလုံး၊ လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုဖြစ်လျှင် အဓိကအားဖြင့် တာဝန်၊ အလုပ်ခန့်ခြင်း စသည့် လုပ်ပိုင်ခွင့် ကွာခြားမှုကြောင့် ဖြစ်ပေါ်သည်

## 다음의 행동으로 성폭력을 예방해요!

- 휴대폰 단축키 0번에 범죄신고 112를 입력 위급 시 사용
- 야간 · 심야시간대 외출을 삼가고, 불가피할 경우 지인들에게 마중을 나오도록 요청함
- 모르는 타인이 호의적으로 동승을 권유하는 차량은 타지 않음
- 출입문과 창문은 꼭 잠그고, 가스배관 등을 이용한 침입에 대비하여 방범창 설치
- 안전한 주차장(여성전용, 주차 안내원 상주, CCTV 설치 등)을 이용하고, 출입구나 엘리베이터가 가까운 곳에 주차
- 택시 이용 시 모르는 사람과의 합승은 자제

## 성폭력 발생 시에는 다음과 같이 대처해요!

- 성폭력 발생 시 안전한 장소로 대피
- 즉시 경찰에 신고
- 이주여성긴급지원센터(☏1577-1366)에 도움을 요청
- 피해를 입었을 경우 증거 보존을 위해 씻거나 옷을 갈아입지 않고 병원이나 경찰서에 가며 증거물은 종이봉투에 보존

☎ 이주여성긴급지원센터(다누리 콜센터) 1577-1366



## အောက်ပါ အပြုအမူများဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကာကွယ်ပါ!

- လက်ကိုင်ဖုန်း အရေးပေါ်ဖုန်းနံပါတ် ၀ နေရာတွင် ရာဇဝတ်မှုတိုင်ကြားရေးနံပါတ် ၁၁၂ ကို ထည့်သွင်းထားပြီး အရေးပေါ်အခြေအနေတွင် အသုံးပြုခြင်း
- ညဆိုင်းအလုပ်လုပ်ခြင်း၊ ညမိုးချုပ်အချိန် အပြင်ထွက်ရန်ရှောင်ရှားခြင်း၊ မဖြစ်မနေသွားရလျှင် အသိများကို လာကြို ရန် တောင်းဆိုခြင်း
- မသိသည့် တစိမ်းတစ်ဦးက ရင်းနှီးသည့်ပုံဖြင့် ကားအတူစီးရန် တိုက်တွန်းပါက မစီးရန်
- တံခါးနှင့် ပြူတင်းတံခါးတို့ကို သေချာသော့ခတ်ထားပြီး၊ ဂက်စ်ပိုက်စသည်တို့ကိုအသုံးပြုပြီး ကျူးကျော်ဝင်ရောက် ခြင်း မပြုနိုင်စေရန် ကာကွယ်သည့် သံပန်းများ တပ်ဆင်ထားရန်
- အန္တရာယ်ကင်းရှင်းသည့် ကားပါကင် (အမျိုးသမီးသီးသန့်၊ ကားပါကင်အစောင့်၊ CCTV တပ်ဆင်ခြင်း စသည်)ကို အသုံးပြုပြီး၊ ဝင်ထွက်ပေါက် သို့မဟုတ် ဓာတ်လှေခါးနှင့် နီးသည့်နေရာတွင် ကားရပ်ခြင်း
- တက္ကစီစီးလျှင် မသိသူတစ်ဦးနှင့် အတူပေါင်းစီးခြင်းကို ရှောင်ကြည်ရန်

## လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်ပွားလျှင် အောက်ပါအတိုင်း ဆောင်ရွက်ပါ!

- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်ပွားလျှင် အန္တရာယ်ကင်းသည့်နေရာသို့ ရှောင်ရှားပါ
- ချက်ခြင်း ရဲစခန်းသို့ အကြောင်းကြားပါ
- ရွှေ့ပြောင်းအမျိုးသမီးအရေးပေါ်ထောက်ပံ့ရေးစင်တာ (☏၁၅၇၇-၁၃၆၆)သို့ ဖုန်းဆက်အကူအညီတောင်းပါ
- ထိခိုက်နစ်နာသည့်အခြေအနေဖြစ်လျှင် သက်သေထိန်းသိမ်းရန်အတွက် ဆေးကြောခြင်း သို့မဟုတ် အဝတ်အစား လဲလှယ်ခြင်းမပြုဘဲ ဆေးရုံ သို့မဟုတ် ရဲစခန်းသို့သွားပြီး သက်သေခံပစ္စည်းများကို စက္ကူအိတ်ထဲထည့်ပြီး ထိန်းသိမ်းရန်

☎ ရွှေ့ပြောင်းအမျိုးသမီးအရေးပေါ်ထောက်ပံ့ရေးစင်တာ (ဒါနူရီ ကောစင်တာ) ၁၅၇၇-၁၃၆၆

# 외국인 전용보험을 잊지 마세요!

## 사업주 가입 보험

| 구분 | 임금체불보증보험 | 출국만기보험 · 신탁 |
|---|---|---|
| 도입목적 | 외국인근로자의 임금체불에 대비 | 불체예방 및 퇴직금 일시 지급에 따른 부담 완화 |
| 가입대상 | 사업주 | 사업주 |
| 적용 사업장 | – 임금채권보장법이 적용되지 아니하는 사업장<br>– 상시근로자 300인 미만 사업장 | 상시근로자<br>1인 이상 사업장 |
| 적용예외 사업장 | 외국인근로자 고용 특례 적용 건설업<br>(동법 제12조 제1항 제1호) | 외국인근로자 고용 특례 적용 건설업<br>(동법 제12조 제1항 제1호) |
| 피보험자 또는 수익자 | 외국인근로자 | 외국인근로자 |
| 보험금 지급사유 | – 사업주의 임금체불 발생 시 지급<br>– 사업장이탈, 출국 등으로 고용허가가 종료되는 경우는 경과보험료를 제외한 미경과보험료 산정 지급 | 근무사업장에서 1년 이상 이탈 없이 근무한 외국인근로자의 출국 (일시 출국 제외) |
| 보험금 신청절차 | 30페이지 참조 | 34페이지 참조 |



# နိုင်ငံခြားသား သီးသန့်အာမခံကို မမေ့ပါနဲ့!

## လုပ်ငန်းရှင်က ပေးရမည့် အာမခံ

| ရှင်းလင်းချက် | လစာမပေးခြင်းကိုတာဝန်ယူသည့်အာမခံ | သက်တမ်းပြည့်ပြည်တော်ပြန်အာမခံ-ယုံကြည်အပ်နှံမှု |
|---|---|---|
| ရည်ရွယ်ချက်များ | နိုင်ငံခြားသားလုပ်သား၏ လစာမပေးခြင်းအတွက် ပြင်ဆင်ခြင်း | လစာမပေးနိုင်ခြင်းကို ကာကွယ်ရန်နှင့် လုပ်သက်ဆုကြေး တစ်ကြိမ်တည်းပေးရန် အခက်အခဲကို ပြေလည်စေခြင်း |
| စာရင်းသွင်းသူ | လုပ်ငန်းရှင် | လုပ်ငန်းရှင် |
| သက်ဆိုင်သည့် လုပ်ငန်းခွင်များ | - လစာမပေးခြင်းကိုကာကွယ်ပေးသည့်ဥပဒေ ဒနှင့် သက်ဆိုင်ခြင်းမရှိသည့် လုပ်ငန်းများ<br>- ပုံမှန် လုပ်သား ၃၀၀ ယောက်အောက် ရှိသည့် လုပ်ငန်း | ပုံမှန် လုပ်သား ၁ ယောက် အထက်ရှိသည့် လုပ်ငန်း |
| မသက်ဆိုင်သည့် လုပ်ငန်းခွင်များ | နိုင်ငံခြားသားလုပ်သား အထူးအလုပ်ခန့်အပ်ခြင်း နှင့်သက်ဆိုင်သည့် ဆောက်လုပ်ရေးလုပ်ငန်း<br>(ရှေ့တွင်ဖော်ပြထားသည့်ဥပဒေ ပုဒ်မ ၁၂၊ အပိုဒ် ၁-၁) | နိုင်ငံခြားသားလုပ်သား အထူးအလုပ်ခန့်အပ်ခြင်း နှင့်သက်ဆိုင်သည့် ဆောက်လုပ်ရေးလုပ်ငန်း<br>(ရှေ့တွင်ဖော်ပြထားသည့်ဥပဒေ ပုဒ်မ ၁၂၊ အပိုဒ် ၁-၁) |
| အာမခံငွေရမည့်သူ သို့မဟုတ် အကျိုးခံစားရမည့်သူ | ရွှေ့ပြောင်းအလုပ်သမား | ရွှေ့ပြောင်းအလုပ်သမား |
| ငွေပေးချေရသည့် အကြောင်းပြချက်များ | - လုပ်ငန်းရှင်က လစာမပေးလျှင် ပေးခြင်း<br>- လုပ်ငန်းခွင်မှထွက်ပြေးခြင်း၊ပြည်ပသို့ထွက်ခွာ ခြင်းစသဖြင့် အလုပ်ခန့်အပ်ခွင့်စနစ် ပျက်ပြယ် သွားသည့်ခြေအနေဖြစ်လျှင် ကာလကျော်လွန် သည့် အာမခံကြေး မပါဝင်သည့် ကာလမကျော် လွန်သေးသည့်အာမခံငွေကို တွက်ချက် ထုတ်ပေးခြင်း | အလုပ်လုပ်နေသည့်လုပ်ငန်းခွင်တွင် ၁ နှစ် အထက် ထွက်ပြေးခြင်းမပြုဘဲ အလုပ်လုပ်ခဲ့သည့် နိုင်ငံခြားသား လုပ်သား ပြည်တော်ပြန်ခြင်း (ယာယီ ပြည်ပသို့ထွက်ခွာခြင်း မပါဝင်) |
| အာမခံငွေကြေးတောင်းယူရန် ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများ | စာမျက်နှာ ၃၀ ကို မှီငြမ်းရန် | စာမျက်နှာ ၃၄ ကို မှီငြမ်းရန် |

## 외국인근로자 가입 보험

| 구분 | 상해보험 | 귀국비용보험 · 신탁 |
|---|---|---|
| 도입목적 | 업무상 재해 이외의 사망 · 질병에 대비 | 귀국 시 필요한 비용에 충당 |
| 가입대상 | 외국인근로자 | 외국인근로자 |
| 적용 사업장 | 외국인근로자를 고용한 사업 또는 사업장 | – 인도네시아, 필리핀, 베트남, 중국, 태국 : 40만원<br>– 스리랑카 : 60만원<br>– 기타 : 50만원 |
| 적용예외 사업장 | – | – |
| 피보험자 또는 수익자 | 외국인근로자 | 외국인근로자 |
| 보험금 지급사유 | 외국인근로자의 업무상 재해 이외의 사망 또는 후유장해 발생 | – 외국인근로자 출국(일시출국제외)<br>– 자진출국 또는 강제 퇴거의 경우도 해당 |
| 보험금 신청절차 | 32페이지 참조 | 38페이지 참조 |



## နိုင်ငံခြားသား လုပ်သား ပေးသွင်းရမည့် အာမခံ

| ရှင်းလင်းချက် | မတော်တဆ ဖြစ်မှု အာမခံ | ပြည်တော်ပြန်စရိတ်အာမခံ-ယုံကြည်အပ်နှံမှု |
|---|---|---|
| ရည်ရွယ်ချက်များ | အလုပ်နှင့် သက်ဆိုင်မှုမရှိသော ထိခိုက်ဒါဏ်ရာရရှိခြင်း (သို့) ရောဂါဖြစ်ခြင်းအတွက် ပြင်ဆင်ခြင်း | ပြည်တော်ပြန်စဉ် လိုအပ်မည့် စရိတ် ဖြည့်ဆည်းပေးရန် |
| စာရင်းသွင်းသူ | ရွှေ့ပြောင်းအလုပ်သမား | ရွှေ့ပြောင်းအလုပ်သမား |
| သက်ဆိုင်သည့် လုပ်ငန်းခွင်များ | နိုင်ငံခြားသား လုပ်သားကို ခန့်အပ်သည့် လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင် | - အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ် တရုတ်၊ ထိုင်း၊ (KRW 40,000)<br>- သီရိလင်္ကာ(KRW 600,000)<br>- အခြားနိုင်ငံများ(KRW 500,000) |
| မသက်ဆိုင်သည့် လုပ်ငန်းခွင်များ | - | - |
| အာမခံငွေရမည့်သူ သို့မဟုတ် အကျိုးခံစားရမည့်သူ | ရွှေ့ပြောင်းအလုပ်သမား | ရွှေ့ပြောင်းအလုပ်သမား |
| ငွေပေးချေရသည့် အကြောင်းပြချက်များ | နိုင်ငံခြားသား လုပ်သား၏ အလုပ်လုပ်နေ စဉ် ထိခိုက်မှုမဟုတ်သည့် သေဆုံးခြင်း သို့မဟုတ် နောက်ဆက်တွဲမသန်စွမ်းမှု ဖြစ်ပွားခြင်း | - နိုင်ငံခြားသား လုပ်သား ပြည်တော်ပြန် ခြင်း (ယာယီ ပြည်ပသို့ထွက်ခွာခြင်း မပါဝင်)<br>- မိမိဆန္ဒဖြင့်ပြည်တော်ပြန်ခြင်း သို့မဟုတ် အတင်းအကြပ် ပြည်ပသို့ ထွက်ခွာခိုင်းသည့်အခြေအနေ အပါအဝင် |
| အာမခံငွေကြေးတောင်းယူရန် ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများ | စာမျက်နှာ ၃၂ ကို မှီငြမ်းရန် | စာမျက်နှာ ၃၈ ကို မှီငြမ်းရန် |

# 임금체불 보증보험

## 임금체불 보증보험이란?

• 퇴직금을 포함한 임금을 받지 못했을 경우, 사업주가 의무적으로 가입하는 임금체불 보증보험을 통해 보상

## 보장내역은 다음과 같아요.

• 200만원 한도 내에서 체불된 금액

• 퇴직금의 경우, 출국만기보험금 수령분의 차액을 지급

## 신청절차는 다음과 같아요.

• 금품체불 확인서를 받아서 보험금을 신청하세요.

**관할 고용지청 근로개선지도과에 임금체불 신고 접수**
**(금품체불 확인서를 발급)**

↓

**서울보증보험(주)로 보험금을 신청**

## 다음의 서류가 필요해요.

• 보험금신청서 1부, 통장사본(본인명의) 1부

• 신분증(여권 또는 외국인등록증) 사본 1부

• 금품체불 확인서(고용노동부 발행) 1부

• 기타(보상심사시 추가 필요서류)

고용노동부 상담센터 1350 / 서울보증보험콜센터 02-777-6689



# လစာမပေးခြင်းကို တာဝန်ယူသည့်အာမခံ

## လစာမပေးခြင်းကို တာဝန်ယူသည့်အာမခံဆိုသည်မှာ

• လုပ်သက်ဆုကြေးအပါအဝင် လစာကိုမရသည့်အခြေအနေဖြစ်လျှင် လုပ်ငန်းရှင်က ဝတ္တရားအရ ပေးသွင်းရမည့် လစာမပေးခြင်းကို တာဝန်ယူသည့်အာမခံငွေဖြင့် ပေးလျော်သည်

## တာဝန်ယူသည့် အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်သည်။

• ဝမ် သိန်း ၂၀ အတွင်းဖြစ်သည့် မရသည့်လစာ

• လုပ်သက်ဆုကြေးဖြစ်လျှင် သက်တမ်းပြည့်ပြည်တော်ပြန်အာမခံငွေ ရရှိငွေ၏ ခြားနားချက်ကို ပေးအပ်မည်

## လျှောက်ထားပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

• ငွေကြေးပစ္စည်း မပေးခြင်းမှန်ကန်ကြောင်းထောက်ခံစာကို ယူပြီး အာမခံငွေကို လျှောက်ထားပါ။

သက်ဆိုင်သည့် အလုပ်ခန့်အပ်မှုညွှန်ကြားရေးရုံး အလုပ်သမားဖွံ့ဖြိုးတိုးတက်ရေးဌာနသို့
လစာမပေးကြောင်း တိုင်ကြားလွှာကို တင်သွင်းရန်
(ငွေကြေးပစ္စည်းမပေးခြင်းမှန်ကန်ကြောင်းထောက်ခံစာကို ထုတ်ယူရန်)

↓

ဆိုးလ်တာဝန်ယူမှုအာမခံကုမ္ပဏီတွင် အာမခံငွေကို လျှောက်ထားရန်

## အောက်ပါစာရွက်စာတမ်းများလိုအပ်ပါသည်။

• အာမခံငွေလျှောက်လွှာ ၁ စောင်၊ ဘဏ်စာအုပ်မိတ္တူ(ကာယကံရှင်နာမည်ဖြင့်) ၁ စောင်

• စိစစ်ရေးကတ် (နိုင်ငံကူးလက်မှတ် သို့မဟုတ် နိုင်ငံခြားသားမှတ်ပုံတင်) မိတ္တူ ၁ စောင်

• ငွေကြေးပစ္စည်းမပေးခြင်းမှန်ကန်ကြောင်းထောက်ခံစာ (အလုပ်သမားခန့်အပ်ရေးရုံးတွင် ထုတ်ယူရန်) ၁ စောင်

• အခြား (လျော်ကြေးစစ်ဆေးစဉ် ထပ်ဆောင်းလိုအပ်သည့် စာရွက်စာတမ်း)

